**ကရင်အမျိုးသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မီတီ၏**
**ပထမအကြိမ် အစည်းအဝေးအပြီး သဘောတူထုတ်ပြန်ချက်**

နေ့စွဲ ။ ။ ၂၀၁၃ခုနှစ်၊ မေလ (၁၉)ရက်နေ့

ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော ကရင်ရေးရာအစည်းအဝေးမှ ရွေးချယ်တင်မြောက်လိုက်သည့် ကရင်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မီတီ (၁၇)ဦးတို့သည် ၂၀၁၃ ခုနှစ်၊ မေလ (၁၈-၁၉) ရက်နေ့တို့တွင် ကော်မီတီဝင်များ စုံညီအစည်းအဝေးတစ်ရပ်ကို ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

ကော်မီတီစုံညီအစည်းအဝေးတွင် ကရင်အမျိုးသားများအားလုံးပါဝင်၍ စည်းလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန်၊ ကရင်အမျိုးသားများ၏ အနာဂါတ်သာယာလှပရေးအတွက် ဘေးကင်းလုံခြုံစွာနေထိုင်နိုင်ရန်၊ ကရင်အမျိုးသားများ၏ စားဝတ်နေရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်တို့ကို ရည်ရွယ်၍ ကရင်အမျိုးသားတိုင်း သတိရှိစွာဖြင့် ဖူးရာအခန်းကဏ္ဍတို့မှ တစိတ်တသဘောတည်း လုပ်ဆောင်သွားကြရန် သဘောထားရှိကြသည်။

ထို့အတူ အထက်ပါရည်ရွယ်ချက်ကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၁၀)ရပ်ကို လုပ်ဆောင်ရန် ချမှတ်ခဲ့သည်။

၁။ ကရင်လူမျိုးအများစု နေထိုင်သော ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာတွင် အုပ်စုအသီးသီးမှ ကရင်လူမျိုးအစုအဖွဲ့ များ တွေ့ဆုံဆွေးနွေးခွင့် ဖော်ဆောင်ပေးရန်။
၂။ ဒေသအသီးသီးမှ ရရှိလာသော ကရင်ရေးရာအကြောင်းအချက်များကို စုစည်းသုံးသပ်မှတ်တမ်းတင်ရန်။
၃။ ဖြေရှင်းရန်လိုအပ်သော ပြဿနာများအတွက် စုပေါင်းအဖြေရှာပေးရန်။
၄။ လိုအပ်သောနည်းပညာနှင့် လူသားအရင်းအမြစ်များကို ရှာဖွေပံ့ပိုးပေးရန်။
၅။ ပြည်တွင်းပြည်ပရောက် ကရင်ပညာရှင်များ၏ ပါဝင်ပံ့ပိုးမှုကို ဖိတ်ခေါ်အားပေးရန်။
၆။ ကရင်လူထုကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ပါဝင်ခွင့်ရှိသော ကရင်အမျိုးသားညီလာခံတစ်ရပ် ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်။
၇။ ကရင်လူမျိုးများ၏ ဘဝတိုးတက်ရေး၊ ငြိမ်းချမ်းမှုတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကရင်လူမျိုးများ၏ အခန်းကဏ္ဍနှင့်ပတ်သက်သော ရေရှည်လုပ်ငန်းစဉ်များအတွက် အကြံပြုချက် များတင်ပြရန်။
၈။ လုပ်ငန်းအတွက် လက်ခံရရှိထားသောရံပုံငွေများ သုံးစွဲမှုကို စနစ်တကျ မှတ်တမ်းများထားရှိပြီး၊ အခါအားလျော်စွာ ရံပုံငွေထည့်ဝင်သူများနှင့် ကရင်လူထုသို့ ငွေစာရင်းရှင်းတမ်းအစီရင်ခံစာများ တင်သွင်းရန်။
၉။ ကရင့်ငြိမ်းချမ်းရေးအတွက် ကရင့်လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးမျက်နှာစုံညီ တွေ့ဆုံပေးရန် စီစဉ်ပေးရန်။
၁၀။ ကေအင်(န်)ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် အစိုးရအကြား သဘောတူထားသောအချက်အလက်များကို အောက်ခြေတွင် အကောင်အထည်ဖော်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန်။

အထက်ပါ ရည်ရွယ်ချက်နှင့် ဦးစားပေးလုပ်ငန်းများကို ကောင်းမွန်စွာတာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စုံညီကော်မီတီအစည်းအဝေးမှ ကော်မီတီ၏ အချက် (၅)ချက်ပါဝင်သော တာဝန်နှင့် ဝတ္တရားများကိုလည်း သဘောတူချမှတ်ခဲ့ပါသည်။

ကရင်အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မီတီ

ဆက်သွယ်ရန် (၁) ဆရာတော် အရှင်စန္ဒာဝရ - ၀၉ ၄၉၇၇-၄၁၂၅
(၂) ပဒိုစောလှထွန်း - ၀၉ ၄၂၅၀-၄၈၇၀၉
(၃) Rev. စောမက်သယူးအေး - ၀၉ ၄၃၀၅-၅၂၂၉
(၄) ဒေါက်တာနော်ဒီဘက်ခါထင် - ၀၉-၅၀၃-၉၄၂၂